MC

*Established since April 2000*

# COMMUNICATION BULLETIN

## MYANMAR CHRISTIAN COMMUNICATION SERVICES

Vol(8). No.(96) March 2008



*Jhk*

## အမှာစာ

စာရေးသူတို့၏ မြန်မာနိုင်ငံနှင့်ပတ်သက်၍ လတ်တလောတွင် "လမ်းပြမြေပုံ" 'Raod Map'ဟူသော စကားသည် အလွန်ခေတ်စားနေပါသည်။ လမ်းပြမြေပုံ၊ လမ်းညွှန်မြေပုံဆိုသည်မှာ မိမိသွားလိုသောနေရာ၊ ရှိနေသောနေရာ၊ သိလိုသောနေရာ၊ နောက်ဆုံးပန်းတိုင်ကိုညွှန်ပြနေသောအရာဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိစစ်အစိုးရသည် လမ်းပြမြေပုံ(၇)ဆင့်ဖြင့် ဒီမိုကရေစီနိုင်ငံတည်ထောင်ရန်စီစဉ်နေပါသည်။ ပြည်သူများ၏ယုံကြည်မှု ရှိ/မရှိ အပေါ်တွင် မူတည်ပြီး၊ တိုင်းပြည်၏အခြေအနေသည် အနာဂတ်တွင် သိရှိနိုင်ပါမည်။

MC စာစောင် အနေဖြင့် နိုင်ငံရေးလမ်းပြမြေပုံအကြောင်းကို ဆွေးနွေးလိုခြင်းမဟုတ်ပါ။ "လမ်းပြမြေပုံ" 'Road Map' တစ်ခု၏အရေးကြီးသောအပိုင်းကိုသာပြောလိုပါသည်။

ကမ္ဘာပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်း(၈၀)ကျော်က၊ မာက့်လီနင်ဝါဒဖြင့် လောကနိဗ္ဗာန်တည်ဆောက်ရန် လမ်းပြမြေပုံချမှတ်ခဲ့သော ဆိုဗီယက်ပြည်ထောင်စုကြီးသည် ယခုအခါ ပြိုကွဲပျက်စီးခဲ့ရပါသည်။ လောကတွင် ထာဝရ နိဗ္ဗာန်တည်ဆောက်၍မရဖြစ်နိုင်ကြောင်း၊ အဓိကသက်သေပင်ဖြစ်သည်။

လူသည် ဝိညာဉ်အားဖြင့် ထာဝရတည်သော၊ ထာဝရအသက်ရှင်နိုင်သော နိဗ္ဗာန်ကိုရောက်နိုင်ပါသည်။ ထိုနိဗ္ဗာန်သို့သွားရန်၊ အကောင်းဆုံးလမ်းတစ်လမ်းသာရှိပါသည်။ ထိုလမ်းသည် ကားတိုင်လမ်းဖြစ်သည်။ တနည်းအားဖြင့် ထာဝရအသက်ရရှိရန် အကြောင်းတရားသည် ကားတိုင်လမ်း၊ သခင်ခရစ်တော်၏လက်ဝါးကပ်တိုင်သည် အကောင်းဆုံး"လမ်းပြမြေပုံ"'Road Map' ဖြစ်သည်။

ကားတိုင်လမ်းဆိုသည်မှာ – အပြစ်ရှိသောလူသားများ၊ အပြစ်ကြောင့် ငရဲသို့ရောက်ရမည့်အခြေအနေမှ ကယ်တင်ဆယ်ယူပေးသည့်လမ်းဖြစ်သည်။ သခင်ခရစ်တော်သည် အပြစ်ရှိသောလူသားများအတွက် ကရာနီတောင်ကုန်းပေါ်၌ လက်ဝါးကပ်တိုင်ပေါ်တွင် အသက်စွန့်ကာအသွေးသွန်းလောင်းခဲ့သည်။ ထိုခရစ်တော်သည် အသက်စွန့်ပြီးသုံးရက်မြောက်နေ့တွင် သေခြင်းမာရ်ကိုအောင်မြင်လျက်ရှင်ပြန်ထမြောက်ခဲ့သည်။ *"... ... သေသောသူတို့သည် ထမြောက်ခြင်းမရှိလျှင်၊ ခရစ်တော်သည် ထမြောက်တော်မမူ၊ ... ..."(၁ကော ၁၅း၁၂–၂၃)*

ခရစ်တော်၏ ထိုသို့ အသက်စွန့်ခြင်း၊ အသွေးသွန်းခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် အလဟဿ အဓိပ္ပါယ်မဲ့လုပ်ဆောင်ခြင်းမဟုတ်ပါ။ ထိုကားတိုင်လမ်းသည် သင်နှင့်ကျွန်ုပ်တို့၏ အပြစ်ကြောင့်ငရဲသို့ သွားရမည့်လမ်းမှသွေဖည်ပေးသောလမ်းပြမြေပုံဖြစ်သည်။ ထာဝရအသက်ကိုရယူစေသည့် ခရစ်တော်၏ကယ်တင်ခြင်းတရားလမ်းဖြစ်သည်။

မိတ်ဆွေ ထိုလမ်းပြမြေပုံသည် သင်နှင့် နီးလျက်နှင့် ဝေးနေပါသလား၊ မြင်နေလျက်နှင့် အသက်လမ်းခရီးကိုပြသောလမ်းပြမြေပုံမှန်းမသိဘဲ ရှိနေပါသလား၊ တခဏသာနေရမည့်ဤလောကကြီးအတွက် အလုပ်ရှုတ်၊ အချိန်ကုန်လျက် ထာဝရနေရမည့်နေရာသို့ပို့ဆောင်ပေးသော ကားတိုင်လမ်းနှင့်ဝေးနေမိပါသလား၊ မိမိကိုယ်ကိုမိမိ အသေအချာဆန်းစစ်ဖို့ အချိန်တန်နေပြီမိတ်ဆွေ။ လွဲမှားသောလမ်းကိုမလိုက်မိပါစေနဲ့။ *'ယေရှုကငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘထံသို့ မရောက်ရ။'(ယော ၁၄း၆)*ဟူ၍ မိန့်တော်မူသည်ကို သတိထားမိနိုင်ပါစေ။

အမှုတော်မြတ်၌

Thang Nang Lian Thang & Ma Yin Yin @ Julia Man Ngaih Hau
(Publishers and editors)
Myanmar Christian Communication Bulletin
Tokyo, Japan March 2008

# မာတိကာ


| | | |
|---|---|---|
| ၁။ ဆုတောင်းခြင်း၌ဘုရားသခင်၏အလိုတော်၊ (Rev. Kenneth E. Hagin) | စာမျက်နှာ | ၄ |
| ၂။ ဘဝခရီးနှင့်စေသောရည်ရွယ်ချက်၊ (ဆရာအောင်သက်ညွန့်) | ။ | ၇ |
| ၃။ ဘုရားသခင်၏နိုင်ငံတော်ဟူသည်၊ (Bro. Kap Khan Khup) | ။ | ၁၀ |
| ၄။ သတင်းတိုထွာ | ။ | ၁၃ |
| ၅။ ရှင်ပြန်ထမြောက်ခြင်း၏တန်ခိုး၊ (သိက္ခာတော်ရဆရာကြီးဦးမျိုးချစ်) | ။ | ၁၅ |
| ၆။ ယုဒသန်နှင့်မြန်မာရွှေပြည်၊ (မောင်စင်ကြယ်) | ။ | ၂၀ |


## Myanmar Christian Communication Services


**Editor**
**Myanmar Christian Communication Service**
**1-11-13 Shin Ohashi, Yonezawa Bldg. 4.F. Koto-ku 135-0007 Tokyo, Japan**
☎- & 🖷 - **03-5625-9056**
e✉ - **haukhek@yahoo.com**, e✉ - **lianthang@hotmail.com**


ယခုလ မြန်မာခရစ်ယာန်စာစောင်ဖြစ်မြောက်ရေးအတွက် အလှူငွေအားဖြင့် ပါဝင်သော ***Ms. Jasmine Ngun Tang*** နှင့် လစဉ် အလှူငွေအားဖြင့် ပါဝင်သော ဘုတ်ဘုတ် ***(Ms. Cing Lam Mang)***အား ကျေးဇူးတင်ရှိပါကြောင်း၊ မှတ်တမ်း တင်အပ်ပါသည်။ ရင်းပြင် ဆုတောင်းခြင်းအားဖြင့်သော်၎င်း၊ စာမူများပေးပို့ခြင်း အားဖြင့်သော်၎င်း၊ ပါဝင်ကြသော ယုံကြည်သူအပေါင်းတို့အပေါ် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာများ သာ၍ကြွယ်ဝစွာ သက်ရောက်ပါစေကြောင်း၊ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

# ဆုတောင်းခြင်း၌ ဘုရားသခင်၏အလိုတော်

ဆရာကြီးကဲနက်(သ်)၊အီး၊ဟောဂင်

## ဆုတောင်းခြင်းနှင့်ပတ်သက်၍ သခင်ယေရှု၏မိန့်ဆိုချက် (အပိုင်း-၃)

## သင်ခန်းစာ (၅)

ကျမ်းညွှန်း မဿဲ ၂၁း၁၈-၂၂၊ မာကု ၁၁း၁၂-၁၄၊ ၂၀-၂၄၊ ယော ၁၅း၇၊ ၈၊

အခြေခံသမ္မာတရား - ဘုရားသခင်၏နှုတ်ကပတော်တည်ရှိသည့် နေရာ၌ ယုံကြည်ခြင်းတည်ရှိသည်။

မဿဲ ၂၁း တွင် ဆုတောင်းခြင်းနှင့်ပတ်သက်ပြီး သခင်ယေရှုက ထပ်မံသွန်သင်ထားသည်။ အမှန် တကယ်မှာ ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်းအကြောင်းပြောကြားနေသည်။ ယုံကြည်ခြင်းအကြောင်းပြောဆို ပါလျှင် ဆုတောင်းခြင်းအကြောင်း မပါ၍မပြီးပါ။ ထိုနည်းတူပင် ဆုတောင်းခြင်းအကြောင်းပြောကြားလျှင် ယုံကြည်ခြင်းအကြောင်း မပါ၍မပြီးပါ။ ၎င်းတို့သည် ဒွန်တွဲနေသည်။

**ဆုတောင်းပါ၊ ယုံကြည်ပါ၊ လက်ခံရယူပါ၊**

**မဿဲ ၂၁း၁၈-၂၂**

နံနက်အချိန်၌ မြို့သို့ပြန်စဉ်တွင် ဆာမွတ်တော်မူ၏။ လမ်းနားမှာ သင်္ဘောသဖန်းပင်တစ်ပင်ကိုမြင်လျှင် ထိုအပင်သို့ ကြွသွား၍ အရွက်ကိုသာတွေ့တော်မူသည်ရှိသော် ယခုမှစ၍ အစဉ်မပြတ်သင်၌ အသီးမသီးစေနှင့် ဟု မိန့်တော်မူလျှင် ထိုအပင်သည် ချက်ချင်းသွေ့ခြောက်လေ၏။ တပည့်တော်တို့သည်မြင်လျှင် သင်္ဘောသဖန်း ပင်သည် ချက်ချင်းပင်သွေ့ခြောက်ပါပြီတကားဟု အံ့ဩ၍ဆိုကြ၏။ ယေရှုကလည်း ငါအမှန်ဆိုသည်ကား သင်တို့သည် ယုံမှားခြင်းနှင့်ကင်းသော ယုံကြည်ခြင်းရှိလျှင် သင်္ဘောသဖန်းပင်၌ပြုသကဲ့သို့ သင်တို့ပြုနိုင်သည် သာမက ထိုတောင်ကိုပင် နေရာမှရွေ့လော့၊ ပင်လယ်၌ကျလော့ဟုဆိုလျှင် သင်ဆိုသည့်အတိုင်း ဖြစ်လိမ့်မည်။ ယုံကြည်ပါလျက် ပဌနာပြု၍ ဆုတောင်းသမျှတို့ကို သင်တို့သည် ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

ဤအကြောင်းအရာကို မာကုခရစ်ဝင်ကျမ်းတွင် ထပ်မံလေ့လာကြည့်ပါ။ မာကုခရစ်ဝင်၌ ဆုတောင်း ခြင်းနှင့်ပတ်သက်သည့် ရည်ညွှန်းချက် တစ်ချက်သာပါဝင်သော်လည်း စာရေးသူသည် အသေးစိတ်အလေးပေး ၍ ရေးသားထားသည်။ မဿဲတွင် အခန်းငယ်(၅)ခုဖြင့်သာ ဖော်ပြထားသော်လည်း မာကု၌မူ ဤအကြောင်း အရာနှင့် ပတ်သက်ပြီး အခန်းငယ်(၁၀)ခန့် ပါဝင်သည်။

**မာကု ၁၁း၁၂း၁၄၊ ၂၀-၂၄**

နက်ဖြန်နေ့၌ ဗေသနိရွာသို့ ပြန်ကြစဉ်တွင် ဆာမွတ်တော်မူ၏။ အရွက်နှင့်ပြည့်စုံသော သင်္ဘောသဖန်း ပင်ကို အဝေးကမြင်လျှင် သင်္ဘောသဖန်းသီးဆွတ်သောအချိန်ကာလမရောက်သေးသောကြောင့်၊ ထိုအပင်၌ အသီးကို တွေ့ကောင်းတွေ့လိမ့်မည်ဟု ကြွသွား၍ရောက်သောအခါ အရွက်ကိုသာတွေ့တော်မူသည်ရှိသော် ယခုမှစ၍ အစဉ်အပြတ် သင်၏အသီးကိုအဘယ်သူမျှမစားစေနှင့်ဟု မိန့်တော်မူ၏။ တပည့်တော်တို့သည်လည်း ကြားကြ၏။

နံနက်အချိန်တွင် လမ်းသွားကြစဉ် သင်္ဘောသဖန်းပင်သည် အမြစ်မှစ၍ သွေ့ခြောက်လျက်ရှိသည်ကို မြင်ကြ၏။ ပေတရုသည်သတိရလျှင် အရှင်ဘုရားကြည့်တော်မူပါ။ ကျိန်တော်မူသောသင်္ဘောသဖန်းပင်သည် သွေ့ခြောက်ပါပြီတကားဟု လျှောက်လေ၏။ ယေရှုကလည်း သင်တို့သည် ဘုရားသခင်ကိုယုံကြည်ခြင်းရှိကြ လော့။ ငါအမှန်ဆိုသည်ကား အကြင်သူသည် ယုံမှားသောစိတ်နှင့်ကင်း၍ မိမိဆိုသည့်အတိုင်းဖြစ်မည်ဟု ယုံကြည်လျက် ထိုတောင်ကိုနေရာမှရွေ့လော့၊ ပင်လယ်၌ကျလော့ဟုဆိုလျှင် ထိုသူဆိုသည့်အတိုင်းဖြစ်လိမ့်မည်။ ထို့ကြောင့် ငါဆိုသည်ကား သင်တို့သည် ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့် ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်။

သမ္မာကျမ်းစာကိုလေ့လာရာ၌ ခရစ်တော်၏အသက်တာတွင် တူညီသောဖြစ်ရပ်များကို ခရစ်ဝင်ကျမ်း ရေးသားသော စာရေးဆရာအသီးသီးက ဤဖော်ပြချက်များကို နှိုင်းယှဉ်ပြီး လေ့လာခြင်းသည် အလွန်သင့်မြတ် ပါသည်။ ဤနည်းအားဖြင့် ရှုထောင့်အမြင်အမျိုးမျိုးကို လေ့လာနိုင်သည်။ (တစ်ဦးက အခြားသူတစ်ဦး မဖော်ပြသည့်အချက်များကို ဖော်ပြနိုင်သည်။)

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မဿဲ၏ဖော်ပြချက်တွင် သခင်ယေရှုက "ယုံကြည်ခြင်းပါ လျက် ပဌနာပြု၍ ဆုတောင်းသမျှတို့ကို သင်တို့သည် ရကြလိမ့်မည်"(မဿဲ ၂၁း၂၂)ဟု ဖော်ပြထားသော်လည်း မာကုဖ္မူ အနည်းငယ်ကွာခြားသည်။ "သင်တို့သည် ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့်ဆုတောင်း သမျှတို့ကို ရကြလိမ့်မည်။" (မာကု ၁၁း၂၄) စာရေးဆရာ(၂)ဦးစလုံးသည် ယုံကြည်ခြင်းအတွက် အခြေခံမူသေ ပုံစံကို ဖော်ပြထားသည်။ ဆုတောင်းပါ။ ယုံကြည်ပါ။ လက်ခံရယူပါ။

"လက်ခံမရရှိပါက အဘယ်ကြောင့်နည်း"ဟု တစ်ဦးတစ်ယောက်က မေးခွန်းထုတ်နိုင်ပါသည်။ တောင်း ခံရာ၌ လက်ခံရရှိမည်ဟု မယုံကြည်သောကြောင့်ပင်ဖြစ်သည်။ သမ္မာကျမ်းစာက အတိအလင်းဖော်ပြထားသည်။ ယုံကြည်ခြင်းဖြင့် ဆုတောင်းလျှင် လက်ခံရရှိမည်ဖြစ်သည်။ "ဘုရားသခင်အလိုတော်မဟုတ်သဖြင့် မရရှိခြင်း ဖြစ်သည်။"ဟူသော ဆင်ခြေကိုလည်းပေးနိုင်ပါသည်။ သမ္မာကျမ်းစာထဲ၌ ထိုကဲ့သို့မဖော်ပြထားပါ။ ကျွန်ုပ်တို့ သည် ယုံကြည်ခြင်းကင်းမှုအတွက် ဤဆင်ခြေကို အသုံးချတတ်သည်။ သခင်ယေရှု၏မိန့်ဆိုချက်က ဆုတောင်းပြီး ယုံကြည်မှုရှိလျှင် လက်ခံရရှိမည်ဟု အတိအလင်း ဖော်ပြထားသည်။

"ရေနံတွင်း(၁၀)သန်းကိုတောင်းခံလျှင် မည်သို့ဖြစ်မည်နည်း"ဟူသော ဆင်ခြေကိုလည်းကြုံတွေ့နိုင် ပါသည်။ ရေနံတွင်း(၁၀)သန်းအတွက် ယုံကြည်ခြင်းရှိလျှင် ရရှိမည်ပင်ဖြစ်သည်။ သို့ရာတွင် ဤကဲ့သို့တွေးခေါ်မှု အား ကျွန်ုပ်၏သဘောတူညီရန် မတိုက်တွန်းပါနှင့်။ ကျွန်ုပ်မလုပ်နိုင်ပါ။ မည်သို့ပင်ဖြစ်စေကာမူ ရေနံတွင်း(၁၀) သန်းအတွက် သင်၌ ယုံကြည်ခြင်းရှိနေလျှင် သင်ရရှိမည်ဖြစ်သည်။ ကျွန်ုပ်သည် မဖြစ်နိုင်ဟုထင်မြင်ယူဆရသည့် အရာများအပေါ်တွင် ယုံကြည်ခြင်းထားရှိပြီး ၎င်းအရာများကို လက်ခံရရှိခဲ့သည့်အချိန်အခါများ ရှိပါသည်။ "ထို့ကြောင့် ငါဆိုသည်ကား သင်တို့သည် ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့်ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်။" သခင်ယေရှုမိန့်ဆိုခဲ့သည့်စကားဖြစ်ပြီး ထိုစကားကို ကျွန်ုပ်အကြွင်းမဲ့ယုံကြည်သည်။

**ယုံကြည်ခြင်းနှုတ်ထွက်စကား**

သခင်ယေရှု ဆုတောင်းခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများအား ရှင်ယောဟန်ခရစ်ဝင်က ဖော်ပြရာ၌ယုံကြည်ခြင်း၊ ယုံကြည်မှုဟူသောစကားများ အသုံးမပြုခဲ့ပေ။ နမူနာတစ်ခုမှာ–

**ယောဟန် ၁၅း၇–၈**

သင်တို့သည် ငါ၌တည်၍၊ ငါ့စကားသည် သင်တို့၌တည်လျှင် သင်တို့သည် တောင်းချင်သမျှကို တောင်း၍ရကြလိမ့်မည်။ သင်တို့သည် များစွာသောအသီးကိုသီးသောအားဖြင့် ငါ့ခမည်းတော်သည် ဘုန်း ထင်ရှားတော်မူ၍ သင်တို့သည်လည်း ငါ၏တပည့်မှန်ကြလိမ့်မည်။

ဤကျမ်းပိုဒ်၌ယုံကြည်ခြင်း၊ ယုံကြည်မှုဆိုသောစကားများ အဘယ်ကြောင့် အသုံးမပြုခဲ့သနည်း။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်နေပါလျှင် ယုံကြည်ခြင်းနှင့်ပတ်သက်ပြီး မည်သည့်ပြဿနာမှ မပေါ်ပေါက်နိုင်ပါ။ နှုတ်ကပတ်တော်သည် သင့်အထဲ၌တည်ရှိနေပါက ယုံကြည်ခြင်းသည် လည်း ရှိနေပေမည်။ "ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏ စကားတော်အားဖြင့်ဖြစ်၏။"(ရောမ ၁၀း၁၇)။

လူတစ်ဦးသည် ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်တွင် ယုံကြည်မှုရှိသည်ကို ဦးနှောက်အတွေး အခေါ်အားဖြင့် ခံယူနိုင်သည်။ အစမှအဆုံး၊ ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ သမ္မာကျမ်းစာ၏အားပေး လှုံ့ဆော်မှုကို ယုံကြည်သည်ဟု ပြောဆိုသော်ငြားလည်း နှုတ်ကပတ်တော်သည် မိမိစိတ်နှလုံးထဲ၌ မတည်ရှိနေပေ။

သခင်ယေရှုက “သင်တို့သည် ငါ၌တည်၍”ဟုဆိုပြီး မိမိစကားကို မဖြတ်တောက်ခဲ့ပေ။ ထိုကဲ့သို့ ပြောဆိုခဲ့ပါက အသစ်သောမွေးဖွားခြင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၌အတူတည်ရှိနိုင်သဖြင့် အလို အလျောက်ပင် ဒုတိယမွေးဖွားခြင်းကိုခံပြီးသော ခရစ်ယာန်များဖြစ်လာကြပေမည်။ “ငါ့စကားသည် သင်တို့၌ တည်လျှင်”ဟု ဆက်လက်မိန့်ဆိုခဲ့ပါသည်။

နှုတ်ကပတ်တော်အား ယုံကြည်ခြင်းနှုတ်ထွက်စကားဟု ခေါ်ဆိုပါသည်။ “တဖန်ငါဆိုသည်ကား တရား တော်သည် သင်နှင့်နီး၏။ သင်၏နှုတ်၌လည်းကောင်း၊ သင်၏နှလုံး၌လည်းကောင်း ရှိသည်ဟုဆို၏။ ထိုသို့ဆိုသော် ငါတို့ဟောသောယုံကြည်ခြင်းတရားကို ဆိုလိုသတည်း။”(ရော ၁၀း၈) နှုတ်ကပတ်တော်သည် သင့်အထဲ၌ တည်ရှိနေလျှင် သင်၏နှလုံးသားထဲ၌ ယုံကြည်ခြင်းရရှိလာမည်ဖြစ်သည်။

**နှုတ်ကပတ်တော်၏အလင်း**

“နှုတ်ကပတ်တော်ကို ဖွင့်ပြခြင်းသည် အလင်းကိုပေး၍ ...... ”ဆာလံ(၁၁၉း၁၃၀) ဟူ၍ ဆာလံဆရာ က ရေးသားခဲ့သည်။ နှုတ်ကပတ်တော်ကို သိရှိလာသောအခါ ကျွန်ုပ်တို့သည် အမှောင်ထဲ၌မြော်လင့်ချက်မဲ့ကာ ဆုတောင်းနေကြခြင်းမဟုတ်တော့ပေ။ အလင်းကိုရရှိလာကြသည်။

“နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။”(ဆာလံ ၁၁၉း၁၀၅)ဟု ဆာလံဆရာက ထပ်မံဖော်ပြပါသည်။ ကျွန်ုပ်တို့အထဲ၌ နှုတ်ကပတ်တော်တည်ရှိနေပါက ကျွန်ုပ်တို့ လမ်းခရီးသည် လင်းထိန်လျက်ရှိနေသည်။ ထိုကဲ့သို့ လင်းထိန်နေသည့်လမ်းခရီး၌၊ အလင်းထဲ၌ လျှောက်လှမ်းနိုင် သည်။ “ဘုရားသခင်သည် အလင်း၌ရှိတော်မူသကဲ့သို့ ငါတို့သည် အလင်း၌ကျင်လည်လျှင် အချင်းချင်း မိဿဟာယဖွဲ့ခြင်းရှိကြသည်ဖြစ်၍ ... ”(၁ယော ၁း၇) အလင်း၌ရပ်တန့်နေရန် မပြောဆိုထားပေ။ လျှောက်လှမ်း ရန် မိန့်ဆိုထားပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့လျှောက်လှမ်းရန် လမ်းခရီးအတွက် အလင်းဖြစ်ပေသည်။

“နှုတ်ကပတ်တော်အတိုင်း အသက်ရှင်စေတော်မူပါ။”(ဆာလံ ၁၁၉း၂၅) သခင်ယေရှုက “ငါ့စကား သည် သင်တို့၌တည်နေလျှင် ...” ဘုရားသခင်သည် ကျွန်ုပ်တို့အားနှုတ်ကပတ်တော်အတိုင်း အသက်ရှင်စေလိုသော်လည်းမ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အထဲ၌တည်ရှိနေပါက ထိုကဲ့သို့လုပ်ဆောင်နိုင်ပေမည်။ နှုတ်ကပတ်တော်၏ အလင်း၌လျှောက်လှမ်းပါမှ လုပ်ဆောင်၍ရရှိမည်။

ကျွန်ုပ် **F.F. Bosworth** ၏ တရားဒေသနာဟောကြားခြင်းကို ၎င်း၏အသက် (၇၅)နှစ်ရှိပြီး ဘုရားသခင်၏အမှုတော်၌ သွက်လက်ဖြတ်လတ်စွာပါဝင်နေသေးသည့်အချိန်၌ ကြားနာခဲ့ရသည်။ ၎င်းသည် နံနက်လုပ်ငန်းမစမီမှာပင် “နှုတ်ကပတ်တော်အတိုင်းအသက်ရှင်စေတော်မူပါ”ဟု ပြောနေကျဖြစ်သည်။

ဆက်လက်၍ ထိုကျမ်းပိုဒ်သည် မိမိအတွက် မည်သို့အဓိပ္ပါယ်ရှိသည်ကိုဖော်ပြခဲ့သည်။ ၎င်းသည် အသက်(၇၆)နှစ်၌ပင်လျှင် ကျန်းမာရေးကောင်းမွန်လျက် ရှိနေသည်။ ထိုနှစ်ပေါင်းများစွာတွင် ဆေးဝါးမှီဝဲမှု လုံးဝမပြုလုပ်ခဲ့ဘဲ ဘုရားသခင်ကိုသာ ယုံကြည်ကိုးစားခဲ့သည်။

**Bosworth** သည် အသက်(၈၁)နှစ်တွင် ကွယ်လွန်သည်အထိ ဘုရားသခင်၏အမှုတော်မြတ်၌ တက်ကြွစွာပါဝင်ခဲ့သည်။ ၁၉၅၈ ခု၊ ဇန္နဝါရီလတွင် မိမိအချိန်စေ့ပြီကိုသိရှိခဲ့သည်။ ဘုရားသခင်သည် မိမိအား ခေါ်ဆောင်တော့မည်ကို မိမိစိတ်ဝိညာဉ်ထဲ၌ သိရှိနေသည်။

အနီးစပ်ဆုံးသောမိတ်ဆွေတစ်ဦးက ဖလော်ရီဒါတွင်ရှိ ၎င်းထံသို့သွားရောက်ခဲ့သည်။ ၎င်းကိုတွေ့ရှိ သောအခါ **Bosworth** သည် အိပ်ယာပေါ်တွင်ထိုင်ပြီး လက်မြှောက်ပင့်ကာ ဘုရားသခင်ကိုချီးမွမ်းပြီး၊ “ယနေ့ သည် ကျွန်ုပ်အသက်တာတစ်ခုလုံး စောင့်ဆိုင်းခဲ့သောနေ့ဖြစ်သည်။ ယနေ့ ကျွန်ုပ်အိမ်ပြန်တော့မည်”ဟု ပြောဆိုနိုင်ခဲ့ပါသည်။ သူသည် နေ့စဉ်ဆုတောင်းရာ၌ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်စေရန် တောင်း လျှောက်ချက်ကို ဘုရားသခင်သည် အိမ်တော်ကိုပြန်လည်မခေါ်မီတိုင်အောင် ဖြည့်ဆည်းပေးခဲ့သည်။ ဖျားနာခြင်း၊ ရောဂါမည်သည့်

အရာမျှမရှိပါဘဲလျက် ဘုရားသခင်၏အိမ်သို့ပြန်သွားခဲ့ရသည်။

ကျွန်ုပ်တို့ ကျင့်သုံးလိုက်လျှောက်သည်ဖြစ်စေ၊ မလုပ်ဆောင်သည်ဖြစ်စေ၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် စစ်မှန်ပေသည်။

**ကျက်မှတ်ရန်ကျမ်းချက်**

သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင်၊ သင်တို့တောင်းချင်သမျှကို တောင်း၍ ရကြလိမ့်မည်။ (ယော ၁၅း၇)

ဆက်လက်ဖော်ပြပါမည်။

---

# ဘဝခရီးနှင်စေသောရည်ရွယ်ချက်

## The Purpose Driven Life (Rick Warren)

ဆရာအောင်သက်ညွှန့်

### သင်၏အသင်းတော်ကို ကာကွယ်ခြင်း၊

အသင့်အတင့် ပေါင်းဖော်ခြင်း အဖွဲ့အစည်းအားဖြင့်၊ သင်တို့သည် အချင်းချင်းစိတ်သဘော မခြားမနား တလုံးတဝတည်းဖြစ်အံ့သောငှါ ကြိုးစားအားထုတ်ကြလော့။ (ဧဖက် ၄း၃)

စုံလင်ခြင်းအဖွဲ့အစည်းတည်းဟူသော ချစ်ခြင်းမေတ္တာကို ထပ်၍ ယူတင်ဝတ်ဆောင်ကြလော့။ (ကောလောသဲ ၃း၁၄)

သင့်အသင်းတော်ရဲ့ ညီညွတ်မှုကို ကာကွယ်ပေးရန်မှာ သင်၏တာဝန်ပင်ဖြစ်သည်။

အသင်းတော်သို့မဟုတ် အဖွဲ့ငယ်တစ်ခု အတွင်းမှာရှိတဲ့ အခြေအနေတင်းမာမှုတွေကို အမြန်ဆုံးအဆုံးသတ်စေမည့်နည်းကတော့ အဲဒီအထဲက အတင်းအဖျင်းပြောတဲ့သူတွေကို မေတ္တာနဲ့ ထိပ်တိုက်ရင်ဆိုင်ပြီး၊ သူတို့ရဲ့လုပ်ရပ်တွေကို ရပ်တန်းကရပ်ဖို့ မရမကတောင်းဆိုလိုက်ပါ။ ရှောလမုန်မင်းကြီးက ဒီလိုထောက်ပြခဲ့တယ်။ "ထင်းမရှိလျှင်၊ မီးသေတတ်သကဲ့သို့ ကုန်းတိုက်တတ်သောသူ မရှိလျှင်၊ ရန်ငြိမ်းတတ်၏။"(သု ၂၆း၂၀)

တင်းမာမှုပဋိပက္ခများကို ဖြေရှင်းရာ၌ ဘုရားသခင်ရဲ့နည်းလမ်းကိုလက်တွေ့အသုံးပြုပါ။ ပြီးခဲ့တဲ့ အခန်းများတုန်းက ထပ်ပေါင်းဖြည့်စွက်ထားသော အခြေခံသဘောတရားတွေထဲမှာ သခင်ယေရှုက အသင်းတော်ကို ရိုးရှင်းတဲ့လုပ်ငန်းစဉ် သုံးရပ်ကို ချမှတ်ပေးထားခဲ့တယ်။ "ထို့ကြောင့်၊ သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင်၊ သူ့ဆီသို့သွား၍ နှစ်ယောက်တည်းချင်း သူ၏အပြစ်ကိုပြ၍ဆုံးမလော့။ သူသည် သင်၏စကားကို နားထောင်လျှင်၊ ညီအစ်ကိုကိုရပြီ။ သို့မဟုတ် သင်၏စကားကိုနားမထောင်လျှင်၊ လူနှစ်ဦးသုံးဦးသက်သေခံ၍ စကားရှိသမျှတို့ကိုတည်စေခြင်းငှါ ကိုယ်နှင့်အတူ လူတစ်ဦးနှစ်ဦးကိုခေါ်ဦးလော့။ ထိုသူတို့၏စကားကိုနားမထောင်လျှင် အသင်းတော်အား ကြားပြောလော့"(မ ၁၈း၁၅-၁၇)

တင်းမာမှုပဋိပက္ခတွေရှိစဉ်မှာ၊ သင်နဲ့ ပြဿနာဖြစ်နေသူအား အမှန်တရားကို မေတ္တာရှေ့ထားပြီးသတ္တိရှိရှိပြောရမယ့်အစား၊ အခြားလူတစ်ယောက်(တတိယလူ)ရှေ့မှာ ပြစ်တင်ညည်းတွားမိလိုစိတ် ဖြစ်ပေါ်လာတတ်ပါတယ်။ ဒီလိုလုပ်တာဟာ ဘူးလေးရာဖရုံဆင့်ဆိုသလို ပြဿနာကို ပိုမိုဆိုးရွားစေတယ်။ ဒါမျိုးလုပ်မည့်အစား၊ ဒီပြဿနာထဲမှာ ပါဝင်သူ သက်ဆိုင်ရာပုဂ္ဂိုလ်နဲ့ တိုက်ရိုက်ဖြေရှင်းဆောင်ရွက်သင့်တယ်။

နှစ်ကိုယ်ချင်းသီးသန့်ရင်ဆိုင်ဖြေရှင်းခြင်း ဟာ သင်အမြန်ဆုံးလုပ်ဆောင်ရမည့် ပထမခြေလှမ်းဖြစ် တယ်။ တကယ်လို့ သင်တို့နှစ်ယောက်ကြားမှာ ဒီနည်းက အလုပ်မဖြစ်ဘူးဆိုရင် ဒုတိယအဆင့်အနေနဲ့ ပြဿနာကို အတည်ပြုပေးဖို့နဲ့ ဆက်ဆံရေးပြန်လည် သင့်မြတ်စေဖို့ အတွက် သက်သေတစ်ယောက် (သို့ မဟုတ်) နှစ်ယောက်ကို ခေါ်သွားပါ။ တကယ်လို့ အဲဒီလူက ဆက်ပြီးခေါင်းမာနေဦးမယ်ဆိုရင် သင် ဘာ လုပ်သင့်သလဲ။ သခင်ယေရှုက ဒါမျိုးကြုံလာရင် ဒီ ပြဿနာကို အသင်းတော်ကို တင်ပြပါ။ တကယ်လို့ ဒီလူက နားထောင်ဖို့ ဆက်လက်ငြင်းပယ်နေဦးမယ်ဆိုရင် သူ့ကိုမယုံကြည်သူတစ်ယောက် (သာသနာပလူ) လို့ မှတ်ယူဆက်ဆံသင့်တယ်လို့ ပြောခဲ့တယ်။ (မ ၁၈း၁၇၊ ၁ကော ၅း၅)

သင်၏သင်းအုပ်ဆရာနှင့် ခေါင်းဆောင်များ ကိုထောက်ခံအားပေးပါ။ လုံးဝပြီးပြည့်စုံတဲ့ ခေါင်း ဆောင်ဆိုတာမရှိပေမယ့်လည်း၊ ဘုရားသခင်က ခေါင်းဆောင်တွေအား အသင်းတော်ရဲ့ ညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် တာဝန်ဝတ္တရား နဲ့တကွ အခွင့်အာဏာကို အပ်နှင်းထားတယ်။ လူလူချင်းဆက်ဆံရေးတင်းမာမှုပဋိပက္ခတွေဟာ မည်သူကမှ အသိအမှတ်မပြုတဲ့သူတွေကြားမှာ သင်းအုပ်ဆရာတွေဟာ မကြာခဏဆိုသလို ဖြန်ဖြေသူ အဖြစ် မနှစ်မြို့ဖွယ်လုပ်ငန်းတာဝန်တွေကို ထမ်းဆောင် ကြရလေ့ရှိတယ်။ သူတို့တွေက(သင်းအုပ်များ) သခင်ယေရှုတောင် လူတွေအားလုံးကို ပျော်ရွှင်အောင် မလုပ်နိုင်ခဲ့တဲ့ မဖြစ်နိုင်သောလုပ်ငန်းတာဝန်ကို ထမ်းဆောင်နေကြရတယ်။

ကျွန်ုပ်တို့အတွက် တာဝန်ထမ်းဆောင်နေတဲ့ သူတို့(သင်းအုပ်များ)နဲ့ ကျွန်ုပ်တို့က ဘယ်လို ဆက်နွယ်မှုရှိရမလဲ ဆိုတာကို သမ္မာကျမ်းစာက ဒီလိုရှင်းရှင်းလင်းလင်းဖော်ပြထားတယ်။ "သင်တို့ကို အုပ်သောသူတို့၏စကားကို နားထောင်၍ နှိမ့်ချလျက် နေကြလော့။ သူတို့သည် ကိုယ်တိုင် စစ်ကြောခြင်းကို ခံရသောသူကဲ့သို့၊ သင်တို့ စိတ်ဝိညာဉ်၏ အကျိုး အလိုငှါ စောင့်နေကြ၏။ သင်တို့အကျိုးကို မဖြစ်စေ တတ်သော ဝမ်းနည်းခြင်းမရှိ။ ဝမ်းမြောက်ခြင်းရှိ၍ သူတို့သည် စစ်ကြောခြင်းကိုခံရမည်အကြောင်း သတိပြုလျက် နေကြလော့။" (ဟေဗြဲ ၁၃း၁၇)

တစ်နေ့ကျရင် သင်းအုပ်များဟာ ဘုရား သခင်ရှေ့တော်မှောက်မှာရပ်ပြီး၊ သင့်ကို ဘယ်လောက် အထိကောင်းမွန်စွာကြည့်ရှုစောင့်ရှောက်ခဲ့သလဲဆိုတဲ့ ဝတ်ကို ဘုရားသခင်အား ပြန်လည်ပြသ အစစ်ခံကြရ လိမ့်မယ်။ "သူတို့သည် စစ်ကြောခြင်းကိုခံရမည် အကြောင်းသတိပြုလျက်နေကြလော့။" (ဟေဗြဲ ၁၃း၁၇)သို့သော် သင့်မှာလည်း တာဝန်ရှိတယ်။ သင့်ရဲ့ ခေါင်းဆောင်တွေရဲ့နောက်ကို ဘယ်လောက်ထိ ကောင်းမွန်စွာနာခံလိုက်လျှောက်ခဲ့သလဲဆိုတဲ့ ဝတ် ပြေခြင်းကို ဘုရားသခင်ထံ ပြန်ပေးရမယ်။

မိဿဟာယဖွဲ့မှုအတွင်းက သဘောထား ကွဲစေတတ်သောလူတွေကို ဘယ်လိုကိုင်တွယ်ပြီး၊ သဘောတူညီမှုယူရမလဲဆိုတာနဲ့ပတ်သက်ပြီး၊ သမ္မာကျမ်းစာက သင်းအုပ်များကို အလွန်အသေး စိတ်ကျတဲ့လမ်းညွှန်မှုတွေ ပေးထားတယ်။ သူတို့နဲ့ ငြင်းခုန်ခြင်းမပြုဖို့ဆုံးမဩဝါဒပေးခြင်းအမှု၌ လိမ္မာ ပါးနပ်သောသူဖြစ်ဖို့၊ ဆီးတားငြင်းခုန်သောသူတို့ကို နူးညံ့သိမ်မွေ့စွာဆုံးမဖို့၊ သဟဇာတဖြစ်မှုနဲ့ ညီညွတ်မှု အတွက်မေတ္တာရပ်ခံဖို့၊ ခေါင်းဆောင်မှုကို မထီမဲ့မြင် ပြုသူတွေကို ဆုံးမဖို့အကယ်၍ နှစ်ကြိမ်တိုင်အောင် သတိပေးခြင်းခံထားရပါလျက်နဲ့ ဒါကိုမသိကျိုးကျွံပြုတဲ့ အထက်ပါ သဘောထားကွဲလွဲစေတဲ့သူတွေကို အသင်း တော်ကနေဖယ်ရှားပစ်ဖို့ သမ္မာကျမ်းစာက လမ်းညွှန်မှု ပေးထားတယ်။ (၂တိ ၂း၁၄၊ ၂၃း၁၆၊ ဖိ ၄း၂၊ တိတု ၂း၁၅၊ ၃း၂၊ ၁၀း၁၁)

ကျွန်ုပ်တို့ကို ခေါင်းဆောင်မှုပြုခြင်းအားဖြင့် အစေခံ နေသူတို့ကို ရိုသေလေးစားလာသောအခါတွင် မိဿဟာယဖွဲ့မှုကို ကျွန်ုပ်တို့ကာကွယ်စောင့်ရှောက် ကြသည်။ သင်းအုပ်များနဲ့အသက်ကြီးသူများဟာ ကျွန်ုပ်တို့ရဲ့ဆုတောင်းပေးခြင်း၊ အားပေးမှု၊ ချီးမွမ်း ထောပနာပြုမှုနဲ့ မေတ္တာကိုလိုအပ်တယ်။ ကျွန်ုပ်တို့ကို ဒီလိုပြုဖို့ မိန့်တော်မူတယ်။ "ထိုမှတပါး၊ ညီအစ်ကို တို့၊ သင်တို့တွင် အမှုတော်ကိုဆောင်ရွက်ခြင်း၊ သခင်ဘုရား အခွင့်နှင့်အုပ်စိုးခြင်း၊ သတိပေးခြင်းအမှုကိုပြုသောသူ တို့ကိုသိမှတ်၍ သူတို့ပြုသောအမှုကြောင့် မေတ္တာစိတ်

နှင့် အလွန်ချစ်ခင်လေးမြတ်မည်အကြောင်း ငါတို့သည် တောင်းပန်ကြ၏။" (၁သက် ၅း၁၂-၁၃)

သင့်ရဲ့အသင်းတော်ကို ကာကွယ်ဖို့ ညီညွတ်မှုကို အထောက်အကူပြုဖို့ဆိုတဲ့ သင့်ရဲ့တာဝန်ဝတ္တရားအား လက်ခံတာဝန်ယူဖို့ရန် မိတ်ဆွေကို ကျွန်တော် စိန်ခေါ်တယ်ဗျာ။ အဲဒီ အရာအတွက် သင့်ရဲ့လုံ့လကို အကြွင်းမဲ့စိုက်ထုတ်ပါ။ ဘုရားသခင်က ကျေနပ်ဝမ်းသာလာလိမ့်မယ်။ ဒီလိုလုပ်ရတာ အမြဲတမ်းတော့ လွယ်ကူချောမွေ့နေမှာမဟုတ်ဘူး။ တခါတလေကျရင်လည်း သင့်အတွက်မဟုတ်ဘဲ၊ တခြားသူတွေအား ဦးစားပေးမှုကို ပြသခြင်းအားဖြင့် အသင်းတော် အတွက် အကောင်းဆုံးဖြစ်မယ့်အရာကို လုပ်ပေးရတာလည်းရှိမယ်။ ဒါဟာ တကိုယ်ကောင်းမဆန်မှု သင်ယူဖို့အတွက် ကျွန်ုပ်တို့ကို အသင်းတော်မိသားစုထဲမှာ ပါဝင်ဖို့ထည့်ထားတဲ့ ဘုရားသခင်ရဲ့အကြံအစည်တော် တစ်ခုပဲဖြစ်တယ်။ ဒီအဖွဲ့အစည်းထဲမှာ 'ငါ'လို့ ပြောမယ့်အစား၊ 'ကျွန်ုပ်တို့'ပြီးတော့၊ 'ငါ့ဥစ္စာ'လို့ ပြောမည့်အစား၊ 'ကျွန်ုပ်တို့ဥစ္စာ'လို့ ပြောဖို့သင်ယူကြရတယ်။ ဘုရားသခင်က ဒီလို မိန့်တော်မူတယ်။ "ကိုယ်အကျိုးကို အဘယ်သူမျှ မရှာစေနှင့်။ သူ့အကျိုးကို လူတိုင်းရှာစေ။"(၁ကော ၁၀း၂၄)

စည်းလုံးညီညွတ်မှုရှိတဲ့ အသင်းတော်များကို ဘုရားသခင်က ကောင်းကြီးများစွာ ချပေးလျက်ရှိတယ်။ (Saddleback) ဆက်ဒဲ(လ်)ဘက်(ခ) အသင်းတော်မှာ ဆိုရင် အသင်းသားတိုင်းဟာ "ကျွန်ုပ်တို့သည် မိဿဟာယဖွဲ့မှုအတွင်းရှိ ညီညွတ်မှုကို ကာကွယ်ပါမည်" ဟု ဂတိခံဝန်ချက်ပါရှိသော ပဋိညာဉ်စာချုပ်မှာ လက်မှတ်ထိုးကြရတယ်။ ရလဒ်ကတော့ မိဿဟာယဖွဲ့မှုကို ကွဲပြဲစေမည့် သဘောထားမတိုက်ဆိုင်တင်းမာမှုတွေ အသင်းတော်မှာဘယ်တော့မှ ရှိမလာတော့ဘူး။

ဒါဟာ ဘာကြောင့်အရေးကြီးသလဲဆိုရင် ချစ်ခြင်းမေတ္တာနဲ့ညီညွတ်သော မိဿဟာယဖွဲ့မှု ဟာ လူများစွာအတွက် တစိတ်တစ်ဒေသအဖြစ် ပါဝင်ချင်ကြတဲ့အရာတွေဖြစ်လို့ပဲ။ လွန်ခဲ့တဲ့ ခုနှစ်နှစ် အတွင်းမှာ ကျွန်တော့် အသင်းတော်ဟာ ယုံကြည်သူ လူသစ်အယောက် ၉၁၀၀ကျော်ကို ဗတ္တိဇံပေးခဲ့တယ်။ ဘုရားသခင်မှာ ယုံကြည်သူနို့စို့သူငယ်လေးတွေတစ်စု ရှိလာတဲ့အခါမှာ သူတို့ကို ရှင်သန်ကြီးထွားလာစေချင်တယ်။ ဒီအခါမှာ ဘုရားသခင်ဟာ နွေးထွေးမှု အပေးနိုင်ဆုံးအသင်းတော်ကို လိုက်ရှာရပြီ။

သင့် အသင်းတော်မိသားစုအတွင်းမှာ ပိုမိုနွေးထွေးလိုက်လှဲမှုရှိဖို့နဲ့ပိုပြီး၊ ချစ်ခြင်းမေတ္တာတွေ ခြုံလွှမ်းစေဖို့ သင်ကိုယ်တိုင်ကိုယ်ကျ ဘာတွေလုပ်နေသလဲ။ သင့်ရဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းထဲမှာ ချစ်ခြင်းမေတ္တာနဲ့ သူတို့နဲ့သက်ဆိုင်ရာနေရာလေး တစ်ခုကို ရှာဖွေနေတဲ့ လူတွေအများကြီးရှိနေတယ်။ အမှန်တရားကတော့ လူသားအယောက်စီတိုင်းဟာ ချစ်ခြင်းမေတ္တာကို ခံစားရဖို့လိုအပ်နေသလို၊ တောင့်တနေကြပါသည်။ တကယ်တမ်း လူတွေက အသင်းသားတွေ တစ်ယောက်နဲ့တစ်ယောက် အမှန်တကယ်ချစ်ခင်၊ ဂရုစိုက်မှုရှိကြတဲ့အသင်းတော်တွေကို ရှာတွေ့တဲ့ အချိန်ကျတော့ သူတို့ကိုကာကွယ်ဖို့ တံခါးသော့ကို ပိတ်ထားဖို့လိုလိမ့်မည်။

## မိမိရည်ရွယ်ချက်ကို သုံးသပ်ဆင်ခြင်ခြင်း

**တွေးဆရမည့်အချက်** – အသင်းတော်၏ညီညွတ်မှုကို ကာကွယ်ထိန်းသိမ်းရန်မှာ ကျွန်ုပ်၏တာဝန်ပင် ဖြစ်သည်။

**ဆင်ခြင်ရမည့် ကျမ်းပိုဒ်** – *"ထို့ကြောင့် ငြိမ်သက်ခြင်းနှင့်ဆိုင်၍၊ အချင်းချင်းတည်ဆောက်ခြင်းနှင့်ဆိုင်၍၊ ယှဉ်သောအရာတို့ကို မှီအောင်လိုက်ကြကုန်အံ့။"* (ရောမ ၁၄း၁၉)။

**စဉ်းစားဆင်ခြင်ရမည့်မေးခွန်း၊** – ခုချိန်မှာ ငါ့ရဲ့မိသားစုအသင်းတော်အတွင်းက ညီညွတ်မှုကို ကာကွယ်ဖို့ ဘာတွေကို ငါကိုယ်တိုင်ကိုယ်ကျလက်တွေ့လုပ်ဆောင်နေသလဲ။

ဆက်လက်ဖော်ပြပါမည်။

# ဘုရားသခင်၏နိုင်ငံတော်ဟူသည်

**Bro. Kap Khan Khup**

*“ဘုရားသခင်၏ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်း တရားတော်ကို ရှေးဦးစွာရှာကြလော့။ နောက်မှ ထိုအရာများကိုထပ်၍ပေးတော်မူလတ္တံ့။”* (မဿဲ ၆း၃၃)

ထိုနှုတ်ကပတ်တော်၌ ကျွန်ုပ်တို့ဆင်ခြင်စဉ်းစားစရာအချက် သုံးချက် ရှိပါတယ်။ ပထမကတော့ ‘ဘုရားသခင် ၏နိုင်ငံတော်’ ဟူသောစကား၊ ဒုတိယက ‘ဖြောင့်မတ်ခြင်း တရားတော်’ ဖြစ်ပြီး၊ နောက်ဆုံး ‘ရှေးဦးစွာရှာကြလော့’ ဆိုတဲ့စကားစုတွေ ဖြစ်ပါတယ်။ အဲဒီစကားစုတွေထဲမှာ ‘ဘုရားသခင်ရဲ့နိုင်ငံတော်’ ဟူသောအကြောင်းအရာကို ယနေ့စဉ်းစားလိုပါတယ်။ လောကနိုင်ငံများမှာပင်လည်း အုပ်စိုးတဲ့လူမျိုးများကို လိုက်ပြီး၊ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံအစရှိသော နိုင်ငံများပင်လျှင် မိမိတို့လူမျိုးအလိုက် အမည်နာမ မှည့်ခေါ်ကြပါသည်။ ထိုနည်းတူစွာ ဘုရား သခင်က မိမိ၏နိုင်ငံတော်တည်ထောင်နိုင်ဖို့(က၊ ၁း၂၇)တွင် မိမိပုံသဏ္ဌာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူမည့် အကြောင်း ဖော်ပြထားပါသည်။ ထိုသို့ ဖန်ဆင်းရာတွင်၊ လူယောကျ်ား တစ်ဦးတည်းကိုဖန်ဆင်းခြင်းမဟုတ်ဘဲ၊ လူမိန်းမတစ်ဦးကို ဖန်ဆင်းပြီးမှ၊ *“အချင်းတို့ များပြားစွာမွေးဖွားကြလော့။ မြေကြီးကိုပြည့်စေ၍ နိုင်ကြလော့”* ဟု မိန့်တော်မူခဲ့ပါသည်။ ဤနည်းအားဖြင့် ဘုရားသခင်သည် မိမိ၏နိုင်ငံတော်ကို စတင်တည်ထောင် လာခဲ့ပြီး၊ အကြံအစည်တော်နှင့်အညီ ဆက်လက်အုပ်စိုး နိုင်ရန် ပြင်ဆင်တည်ထောင်ခြင်းလည်း ဖြစ်ပါသည်။

## ဘုရားသခင်၏အကြံအစည်တော်

ဘုရားသခင်သည် မိမိ၏နိုင်ငံတော်ကို ဤကဲ့သို့ တည်ထောင်ပြီး၊ မိမိကိုယ်တိုင်အုပ်စိုးနေရန် အကြံအစည် အတိုင်းအကောင်အထည်ဖော်နေသော်လည်း၊ စာတန်၏ လှည့်ဖြားခြင်းကြောင့် ဘုရားသခင်၏အကြံအစည်တော် ပျက်စီးခဲ့ရပါသည်။ ထိုအခါ လူသားတွေကလည်း ဘုရား သခင်နေရာချတော်မူသောဒင်ဥယျာဉ်မှထွက်ခွါခဲ့ရ သည်။ ထိုအချိန်မှစ၍ လူ့သက်တမ်းသည် အနှစ် ၉၃၀ အကန့် အသတ်နှင့်ဖြစ်လာခဲ့ရပါသည်။ သို့သော် နိုင်ငံတော်ကို တည်ထောင်လိုသော ဘုရားသခင်က လူများစွာထဲမှ အာဗြံ ကိုရွေးကောက်၍၊ အုပ်စိုးရမည့်လူမျိုးတော်ကို အစပြုလာပြန်သည်။ ကာလအချိန်အတန်ကြာလာ သောအခါ ဣသရေလလူမျိုးများသည် အီဂျစ်ပြည်မှ ခါနန်ပြည်သို့ ပြန်ရောက်လာသောအခါတွင် ဘုရား သခင်ကိုယ်တော်တိုင်က တိုက်ရိုက်အုပ်စိုးတော်မူသော တရားသူကြီးခေတ်ဟုခေါ်သည့်ခေတ်ဖြစ်လာပါသည်။ ထိုတရားသူကြီးခေတ်ကာလကို နှစ်ပေါင်း၄၀၀ ကျော် အုပ်စိုးလာခဲ့ပါသည်။ ထိုအခါ ဣသရေလလူမျိုးများက ပတ်ဝန်းကျင်နိုင်ငံများကဲ့သို့ ဘုရင်အုပ်စိုးသောစနစ်ကို လိုချင်လာသဖြင့်၊ ရှင်ဘုရင်တစ်ပါးကို ပေးဖို့ ဘုရားရှင် ထံတောင်းလျှောက်ခဲ့ကြပါသည်။ ထိုသို့တောင်း လျှောက်ကြသောကြောင့် ဘုရားသခင်သည် ရှောလု ရှင်ဘုရင်ကိုဦးစွာပေးခဲ့ပါသည်။ သူတို့တောင်းသော ဆုကိုရသွားကြသော်လည်း၊ ဘုရားသခင်၏အုပ်ထိန်း မှုပျောက်သွားသကဲ့သို့ ဖြစ်သွားရသည်။ ထို့ကြောင့် ရှောလုရှင်ဘုရင်၊ ပြီးနောက် ဒါဝိဒ်ဘုရင်၊ ထို့နောက် ရှောလမုန်အစရှိသဖြင့် ဘုရင်အဆက်ဆက်အုပ်စိုးလာ ခဲ့ရပါသည်။ သို့သော်လည်း ရှောလမုန်ဘုရင်သည် ဘုရားသခင်မနှစ်သက်သော မောင်းမမိသံမိဖုရား အယောက်တစ်ထောင်အထိ ပေါင်းဖက်ယူထားသော ကြောင့်၊ ဘုရားသခင်၏စိတ်တော်နှင့်မတွေ့ခဲ့ပါ။ ထို့ကြောင့် ဘုရားသခင်က ရှောလမုန်အား မိန့်မှာခဲ့ သောစကားမှာ၊ ‘ဖခင် ဒါဝိဒ်၏မျက်နှာကိုထောက်၍ မင်း၏ဘုရင်ခေတ်တွင် မဖြစ်စေဘဲ၊ သား၏ခေတ်ကျမှ နိုင်ငံကို နှစ်ခြမ်းကွဲစေမည်’ ဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် ယေရောဗောင် မင်းပြုခဲ့ရသည့် မြောက်ပိုင်းတွင် (၁၀) ပြည်နယ်ပါသွားပြီး၊ မြို့တော်အဖြစ် ရှမာရိမြို့၊ တောင် ပိုင်းတွင် သားတော်ရောဗောင်မင်းပြုရာ၊ (၂)ပြည်နယ် ကျန်ခဲ့ကာ မြို့တော်အနေနှင့်ယေရုရှလင်မြို့ဖြစ်ပါသည်။

ဤသို့ဖြင့် ခေတ်အဆက်ဆက် နှစ်နိုင်ငံစလုံး ဘုရင်စနစ်ဖြင့် အုပ်စိုးလာခဲ့ရသော်လည်း၊ ဘုရားသခင်၏အလိုတော်လမ်းထဲမှ အကြိမ်ကြိမ်လမ်းလွဲပြီး၊ ဘုရားသခင်ကိုကျောခိုင်းနေလာခဲ့ကြပါသည်။

ထို့ကြောင့် ဘုရားသခင်က သူ့လူစုအားဖြင့် နိုင်ငံတော်တည်ထောင်မည့်အစီအစဉ်လမ်းကြောင်းကို ပြန်လည်တည့်မတ်နိုင်ဖို့ရန် ပရောဖက်များကိုအသုံးပြုပြီး၊ အကြိမ်ကြိမ်သတိပေးခဲ့ပါသည်။ ထိုပရောဖက်တို့တွင် ပရောဖက်ယေရမိ၊ ပရောဖက်ယေဇကျေလ၊ ပရောဖက်ယေဇကျေလ၊ ပရောဖက်ဟောရှာယနှင့်ပရောဖက်ဟဂ္ဂဲတို့ကို အသုံးပြုခဲ့ပါသည်။

## ဘုရားသခင်၏အုပ်စိုးမှုကို ဝန်မခံခြင်းဆိုးကျိုး

သို့သော် နှစ်နိုင်ငံစလုံးရှိ ဣသရေလလူမျိုးများက ပရောဖက်တို့၏စကားကို နားမခံဘဲ၊ စိတ်ထင်တိုင်းတပါးအမျိုးသားတို့၏ ဘုရားကိုမှီဝဲဆည်းကပ်ခြင်းနှင့် အတူ အကျင့်စာရိတ္တ ဆက်လက်ပျက်ပြားနေကြပါသည်။ ထို့ကြောင့် ဘုရားသခင်က ဗာဗုလုန်အင်ပါယာ လက်အောက်သို့ ကျရောက်စေဖို့ အခွင့်ပေးလိုက်ပါသည်။ ထိုသို့ နှစ်နိုင်ငံစလုံး၏တိုင်းသူပြည်သားများသည် တိုင်းတစ်ပါး၏လက်အောက်တွင်ကျွန်ခံနေစဉ်(ဆာလံ၊ ၁၃၇) တွင် ရေးသားဖော်ပြထားသည့်အတိုင်း ဗာဗုလုန်မြစ်အနားတွင် ထာဝရဘုရားကို ကိုးကွယ်ခြင်းနှင့်ချီးမွမ်းခြင်းဝတ်ကိုပြုလိုကြသော်လည်း၊ ဝတ်မပြုနိုင်လောက်အောင်ကျွန်ခံငိုကြွေးလျက်နေကြရပါသည်။ ထာဝရဘုရားကိုချီးမွမ်းရန် အသုံးပြုသော စောင်း၊ တယောတို့ပင်လျှင်သစ်ပင်ပေါ်တွင် ချိတ်ထားလျှက်ရှိနေတော့သည်။ ထို့ကြောင့် သူတို့သည် မိမိတိုင်းပြည်တွင်ရှိနေစဉ် ထာဝရဘုရားအား ဝတ်ပြုချိန်၊ ချီးမွမ်းထောပနာပြုချိန်ရပါလျှက်နှင့် ဝတ်မပြု၊ မချီးမွမ်းခြင်း အပြစ်များကို၊ များစွာနောင်တရလာကြပါသည်။ ထို့ကြောင့် (ဆာလံ ၁၃၇း၅–၆)တွင် မည်သူမျှမခိုင်းဘဲ မိမိတို့ကိုယ်ကို မကျိန်အပ်သောအကျိန်ဖြင့် ဂတိပြုကြသည်။

*“အို ယေရုရှလင်မြို့ သင့်ကိုငါမေ့လျှင်၊ ငါ့လက်ျာလက်သည် မိမိအတတ်ကိုမေ့ပါစေ။ သင့်ကို ငါမအောက်မေ့၊ အမြင့်ဆုံးသော ဝမ်းမြောက်ခြင်းအကြောင်းထက် ယေရုရှလင်မြို့ကို အမြတ်မထားလျှင်၊ ငါ့လျှာသည် အာခေါင်၌ကပ်ပါစေ”* လို့ ကျိန်ဆိုကြသည်။ သူတို့ကျိန်ဆိုသောစကားသံကို ထာဝရဘုရားသိမှတ်တန်ဘိုးထားသောကြောင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ပြန်လည်လွတ်မြောက်ရသောအခွင့်ကို ပြန်လည်ရရှိကြပါသည်။ သူတို့တိုင်းပြည်ပြန်ရောက်သောအခါတွင် ဝမ်းမြောက်ခြင်းနှင့်ကျေနပ်စွာ မိမိတို့နေရာဒေသအလိုက် နေထိုင်နေရာယူကြပါသည်။

## နိုင်ငံတော်ကိုဦးစားမပေးခြင်း၏ဆိုးကျိုး

သို့ရာတွင်၊ သူတို့ကျိန်ဆိုသောစကားတွေကို မေ့လျော့ပြီး၊ မိမိတို့အတွက်နေစရာအိမ်၊ လယ်ယာတောင်ယာများ၊ တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်လာခဲ့ကြသည်။ ထို့ကြောင့် ဘုရားသခင်က သူ၏လူမျိုးတော်အားဖြင့် သူ့နိုင်ငံတော်တည်ထောင်ပြီး၊ ဘုန်းတော်ထင်ရှားစေဖို့အခက်အခဲဖြစ်လာပြန်တော့သည်။ ထို့ကြောင့် ဘုရားသခင်က ပရောဖက်ဟဂ္ဂဲကိုစေလွှတ်ပြီး သူတို့၏အခြေအနေ၊ သူတို့၏အဖြစ်အပျက်ကိုဖေါ်ထုတ်ခဲ့ပါသည်။ မည်သို့နည်းဟူမူကား– *“သင်တို့သည် များစွာသောမျိုးစေ့ကိုကြဲသော်လည်း၊ အသီးအနှံနည်းပါးရ၏။ စားရသော်လည်း ဝစွာမစားရကြ။ သောက်ရကြသော်လည်း၊ ဝစွာမသောက်ရကြ။ အဝတ်ကိုဝတ်ရသော်လည်း၊ နွေးစွာမဝတ်ရကြ။ အလုပ်လုပ်၍ အခကိုခံရသော်လည်း၊ မလုံသောအိတ်ထဲမှာ သိုထားကြရ၏။”*ဟူ၍ သူတို့ရဲ့အခြေအနေကို ထုတ်ဖော်ပေးခဲ့ပါသည်။ အကြောင်းမှာ နှစ်နိုင်ငံစလုံးရှိ ဘုရားသခင်၏လူတို့သည် မိမိတို့နေရင်းပြည်သို့ ပြန်ရောက်စေကြသော်လည်း၊ ဦးစားပေးမှား၍ အသက်ရှင်နေကြသောကြောင့်၊ ဤကဲ့သို့အကျိုးမဖြစ်ထွန်းခြင်းဖြစ်ပါသည်။ ထို့ကြောင် ထာဝရဘုရားကတစ်ဆက်တည်းမှာပင် သူတို့ကိုအကြံပေးသောအချက်မှာ–

*“ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့သည် အမိုးနှစ်ထပ်နှင့်ပြည့်စုံသောအိမ်၌နေချိန်ရှိလျှက်ပင် အိမ်တော်သည် ပျက်လျက်နေရမည်လော။ သို့ဖြစ်၍ ကိုယ်ကျင့်သောအကျင့်တို့ကို ဆင်ခြင်ကြလော့။”(ဟဂ္ဂဲ ၁း၂–၆) ဟူ၍ အကြံပေးခဲ့ပါသည်။*

*ဣသရေလလူမျိုးတို့သည် မိမိတို့နေရင်းဒေသရောက်လာသော်လည်း၊ ကောင်းကြီးခံစားသင့်သလောက်မခံစားရဘဲ၊ ဖြစ်နေကြပါသည်။ အကြောင်းမှာ မိမိတို့အတွက်သာ အလုပ်လုပ်ပြီး၊ ဘုရားသခင်၏ အမှု*

*အရာတွေကို ဦးစားမထားနိုင်ကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့်လည်း ဘုရားသခင်က မိမိ၏နိုင်ငံတော်ကို မတည်ထောင်နိုင်ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်ကိုယ်တော်တိုင်က သူ၏နိုင်ငံတော်တည်ထောင်နိုင်ရန် ဓမ္မသစ်ခေတ်ကျမှ သူ့သားတော်ကို ဤလောကသို့ စေလွှတ်လိုက်ရခြင်းပင်ဖြစ်သည်။ သားတော်ယေရှုခရစ်တော်သည် ခမည်းတော်၏နိုင်ငံတော်ကို စတင်တည်ထောင်နိုင်ရန်၊ မိမိကိုယ်ခန္ဓာချိုးဖဲ့ခြင်းနှင့် မိမိ အသက်အသွေးကိုသွန်း၍ လူတို့၏အပြစ်ကို ထိုသို့အဖိုးအခပေးပြီး ကိုယ်စားဆပ်ပေးခဲ့ပါသည်။ သင်္ဂြိုဟ်ပြီး၊ သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်၍ ကောင်းကင်ဘုံတွင် စံမြန်းနေတော်မူခဲ့ပါသည်။ သို့ဖြစ်၍ ထိုသားတော်*ယေရှုခရစ်တော်က ငါ့ကိုယုံကြည်သောသူသည် ခမည်းတော်ကို ယုံကြည်သောသူသည် ခမည်းတော်ကို ယုံကြည်၏ဟု ဖွင့်ပြောခဲ့သည်။ ထို့အပြင် နိကောဒင်နှင့်ဆွေးနွေးသောအခါ သခင်ယေရှုက *'ဒုတိယမွေးခြင်းကို မခံရသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သို့ မဝင်ရ'* ဟု နိုင်ငံတော်ဝင်ရမည့်အခွင့်ကိုဖွင့်ပြောခဲ့ပြန်သည်။ ခရစ်တော်ဖွင့်ပြောခဲ့သောဘုရားသခင်၏နိုင်ငံတော်ဝင်လိုသောသူတိုင်းက ယေရှုခရစ်တော်ကို မိမိကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံပါမှ ဒုတိယမွေးခြင်းခံသောသူသည် ယေရှုခရစ်တော်ကို အသက်တာ၏ သခင်အဖြစ် သိမှတ်ခံယူနိုင်ပါမှ မြင်နိုင်သောရေနှစ်ခြင်းမင်္ဂလာခံယူပြီး၊ ဘုရားသခင်၏နိုင်ငံတော်ထဲတွင်ဝင်ခွင့်ရရှိသွားခြင်းဖြစ်သည်။

ထို့ကြောင့် ခရစ်တော်ကို ယုံကြည်ပြီး၊ ခရစ်တော်၏တပည့်အဖြစ်ခံယူဖို့ဆုံးဖြတ်ထားသောသူတစ်ဦးသည် နှစ်ခြင်းခံလာခဲ့သောအခါတွင် အသက်ရှင်သောအသင်းတော်တစ်ပါးပါးမှာ သင်းဝင်လာပြီး၊ ဘုရားသခင်၏နိုင်ငံတော်ထဲရောက်ရှိလာခြင်းပင်ဖြစ်ပါသည်။ ဤအသင်းတော်မှာဘုရားသခင်ခွဲခန့်ပေးသောသင်းအုပ်ဆရာများ၊ အသင်းတော်လူကြီးများ၏ပဲ့ပြင်လမ်းညွှန်မှုအောက်တွင်နေထိုင်ဝင်ထွက်တတ်လာခြင်းသည်ဘုရားသခင်၏နိုင်ငံတော်ထဲတွင် ကျင်လည်တတ်ခြင်းဟုခေါ်သည်။

## ဘုရားသခင်၏နိုင်ငံတော်ဟူသည်

*"ကောင်းကင်နိုင်ငံတော်သည် လယ်၌စိုက်သော မုန်ညင်းစေ့နှင့်တူကြောင်း"(မ၊ ၁၃း၃၁-၃၂)*တွင် ခရစ်တော်ကိုယ်တိုင် မိန့်မှာခဲ့ပါသည်။ ထိုနည်းတူစွာပင် *"ဘုရားသခင်၏ နိုင်ငံတော်သည် ဥယျာဉ်ခြံ၌စိုက်သောမုန်ညင်းစေ့နှင့်တူကြောင်း"(လုကာ၊ ၁၃း၁၈-၁၉)*တွင် တဖန် မိန့်တော်မူပါသည်။ ဤတူညီသော မျိုးစေ့နှစ်ခုကို ဆင်ခြင်သောအခါတွင်၊ ဒုတိယမွေးခြင်းခံသည်မှာ မုန်ညင်းစေ့ဖြစ်သော ဘုရားသားဖြစ်ခြင်းကို ဖော်ညွှန်းကြောင်း၊ နားလည်ရပါသည်။ ဘုရားသားဖြစ်သောနေရာတွင် မျိုးတူသော်လည်း နေရာချင်းမတူသောကြောင့်၊ တိုးတက်ဖွံ့ဖြိုးသောသဘောက ကွာခြားလာသည်ကိုတွေ့ရပါသည်။ အချို့သောယုံကြည်သူများသည် ဘုရားသခင်သားဖြစ်သည်ကိုကျေနပ်ပြီး၊ တော်ပြီဆိုသောသဘောဖြင့် အသက်ရှင်ကြသည်။ သို့သော် ဤအချက်သည် ကောင်းကင်သား၊ ဘုရားသားဖြစ်သော်လည်း လယ်တွင်ပေါက်သောအပင်ကဲ့သို့ဖြစ်သောကြောင့်၊ ဥယျာဉ်ခြံမှာပေါက်သောအပင်လောက်လုံခြုံမှုမရှိ၊ ဂရုစိုက်ခံရမှုလည်းမရှိကြောင်းတွေ့ရပါတယ်။ ထို့ကြောင့် ကြီးထွားနှုန်းလည်းကွာခြားလာသည်ဟုနားလည်ရပါသည်။ ဤသို့အားဖြင့် ဘုရားသားဖြစ်ရုံမျှဖြင့် ကျေနပ်နေလျှင်၊ ကောင်းကင်နိုင်ငံသားဖြစ်သော်လည်း လယ်၌ပေါက်သောအသက်တာဖြစ်ခြင်းကို သတိပြုသင့်ပါသည်။ အကြောင်းမှာ လယ်တွင်ပေါက်သောမျိုးစေ့မှာ မြက်ပင်ဖြစ်သော မယုံကြည်သူထက်ကြီးပေမယ့်၊ အပင်တကာတို့ထက် ကြီးသောအပင်တော့ ဖြစ်မလာပါ။ ဘုရားသခင်၏အလိုတော်သည် ဘုရားသားဖြစ်ပြီးသောသူတိုင်း ဘုရားသခင်၏အုပ်စိုးမှုအောက်တွင်နေသော ဥယျာဉ်ခြံတွင်ပေါက်သောမျိုးကဲ့သို့၊ ရှင်သန်ကြီးထွားသောအပင်ကြီးဖြစ်ရန်ပင်ဖြစ်သည်။ ဤကဲ့သို့ ဘုရားသခင်၏ဥယျာဉ်ခြံထဲ သင်းဝင်ရောက်ရှိလာသောသူတို့သည် ဘုရားသခင်ကပေးသောအာမခံမှာ ***နောက်မှ ထိုအရာများကို ထပ်၍ပေးတော်မူလတ္တံ့*** ဟူ၍ ဖြစ်ပါသည်။ ဤဂတိစကားသည် ဘုရားသခင်၏ နိုင်ငံတော်ထဲသို့ သင်းဝင်လာသောသူများနှင့်သာ သက်ဆိုင်ပါသည်။ ထို့အပြင် သင်းဝင်သူတို့သည်လည်း မိမိတို့ကြိုက်သလိုနေရန် မဟုတ်ဘဲ၊ ဘုရားသခင်၏အုပ်စိုးမှုအောက်တွင် နေတတ်ဖို့ရန်ဖြစ်ပါသည်။ ဤအကြောင်းနှင့်ပတ်သက်၍ တမန်တော်ရှင်ပေါလုက သူ့တပည့်အရင်းဖြစ်သော တိမောသေလေးကို ဤကဲ့သို့မှာထားပါသည်။

*"သင်ရှိရာသို့ ငါမြန်မြန်လာမည်ကို မျှော်လင့်ခြင်းရှိသော်လည်း၊ တာရှည်စွာနေလျှင် သင်သည် ဘုရားသခင်၏အိမ်တော်၌ အဘယ်သို့ကျင့်ကြံပြုမူရမည်ကို သိစေခြင်းငှါ ဤသို့ငါရေး၍ပေးလိုက်၏။ ထိုအိမ်တော်ကား၊ အသက်ရှင်တော်မူသော ဘုရားသခင်၏အသင်းတော်ဖြစ်၏။ ထိုအသင်းတော်ကား၊ သမ္မာတရား၏အမှီတကဲဖြစ်၏။ သမ္မာတရား၏တည်ရာလည်းဖြစ်၏။"* ဟု သေချာစွာမှာထားခဲ့ပါသည်။ ဆိုလိုသည်မှာ ဘုရားသခင်အုပ်စိုးသော နိုင်ငံတော်ဖြစ်နေသည့် အသင်းတော်တွင် သင်းဝင်သူတိုင်းက အဝင်အထွက်အနေအထိုင်နှင့် ပတ်သက်၍ လိမ္မာပါးနပ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် နေသူများဖြစ်ရန် ဘုရားသခင်အလိုတော်ရှိခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့် ဓမ္မသစ်အသင်းတော်တွင် သင်းဝင်သည်ဆိုရာ၌ ဘုရားသခင်ခွဲခန့်သောအသင်းတော်ရှိ လူကြီးများ၏စကားကို နားထောင်ခြင်း၊ ရိုသေလေးစားခြင်းရှိရန် လိုသကဲ့သို့၊ အသင်းတော်၏ဝေယျာဝစ္စ ကိစ္စရပ်များ၌လည်း ကျရာတာဝန်နှင့် တာဝန်မရှိသော်လည်း အသင်းတော်၏လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ထမ်းရွက်ကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် ဘုရားသခင်၏နိုင်ငံတော်ဆိုသည်မှာ ဘုရားသခင်ကိုယ်တိုင်အုပ်စိုးနိုင်ရန် ခရစ်တော်အားဖြင့် တည်ထောင်သောနိုင်ငံဖြစ်ပါသည်။ ခရစ်တော်အားဖြင့်တည်ထောင်သောနိုင်ငံကို ခရစ်တော်၏ခန္ဓာကိုယ်ဟူ၍လည်းခေါ်ပါသည်။ ဤခန္ဓာကိုယ်ထဲတွင်ပါဝင်လာသူတိုင်းဦးခေါင်းဖြစ်သောခရစ်တော်၏အုပ်စိုးမှုအောက်တွင် ဘုရားသခင်ခွဲခန့်သောတာဝန်ရှိသူတို့၏လမ်းပြသွန်သင်မှုကိုခံယူရပါမည်။ ဤနည်းအားဖြင့် ဘုရားသခင်၏ နိုင်ငံတော်အလင်းရောင်ပေါ်လွင်ထင်ရှားလာမည်ဖြစ်သည်။ ဘုရားသခင်၏နိုင်ငံတော်ဖြစ်ကြောင်း ဤလောကတွင် ထင်ထင်ရှားရှားဖြစ်စေလိုသောကြောင့် ခရစ်တော်ကိုယ်တိုင်ခမည်းတော်ဘုရားသခင်၏နိုင်ငံတော်ကို စတင်တည်ထောင်ခြင်းလည်းဖြစ်ပါသည်။ လူတည်ထောင်သောအစုအဝေးသည် ***တော်*** မပါနိုင်၊ အသင်း၊ အဖွဲ့အစည်းသာဖြစ်ပြီး၊ ခရစ်တော်တည်ထောင်သော အသင်းတော်သာလျှင် ***အသင်းတော်မှန်၊ အသင်းတော်စစ်*** ဖြစ်ပါသည်။ ဤသည်မှာ ဘုရားသခင်၏ နိုင်ငံတော်ဖြစ်သည့်အကြောင်းနှလုံးသွင်းကြပြီး၊ နိုင်ငံတော်သားပီသကြဖို့ ဘုရားသခင်၏နိုင်ငံတော်ကို ရှေးဦးစွာထားသောသူများဖြစ်ခြင်းအားဖြင့် ကောင်းကြီးမင်္ဂလာခံစားနိုင်ကြပါစေဟု မေတ္တာနှင့်ဝေငှလိုက်ပါသည်။

## သတင်းတိုထွာ





၁။ အိန္ဒိယနိုင်ငံ ဘင်္ဂလောမြို့တွင် ဖွင့်လှစ်ထားသော Gilead Evangelical Theological Seminary (GETS)၏ ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အပ်နှင်းခြင်း၊ အခမ်းအနားကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ (၂၇)ရက်နေ့က ပြုလုပ်ကျင်းပရာ ဘွဲ့ရရှိသူ ကျောင်းသူကျောင်းသားများနှင့် ဆရာဆရာမများ၊ ဧည့်သည်တော်များ တက်ရောက်ကြကြောင်းသိရပါသည်။ ဤကျမ်းစာကျောင်း၏Founder & President မှာ Rev. Dr. Pum Za Thang Tombing ဖြစ်ပြီး၊ ယခုနှစ်ဒုတိယအကြိမ်အထိဘွဲ့ရရှိပြီးသူပေါင်း၊ (၁၆)ဦးရှိပြီဖြစ်ကာ၊ ရာသက်ပန်အမှုတော်မြတ်၌ ပါဝင်ဆက်ကပ်နေသူများလည်းရှိပြီဖြစ်ကြောင်းလည်းသိရပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏

လမ်းပြပို့ဆောင်မှုအားဖြင့်၊ သာ၍များပြားသော အမှုတော်ဆောင်များပေါ်ထွက်လာနိုင်ပါစေကြောင်းနှင့် ဘုရားရှင်သည် ကောင်းကြီးမင်္ဂလာ ဆက်လက်သွန်းလောင်းပါမည့်အကြောင်း MC မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။





၂။ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျဲလစ်ရှိ Myanmar Full Life Mission Church ၌ ယခုနှစ် မတ်လ(၂၁)ရက်နေ့တွင် ကျရောက်သော Good Friday နေ့ထူးနေ့မြတ်ကြီးတွင် Good Friday Evangelistic Meeting ကို ပြုလုပ်ကျင်း ပရာ၊ မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ Full Gospel Assembly အသင်းတော်မှ သင်းအုပ်ဆရာတော်ကြီး Rev. Dr. Dam Suan Mung သွားရောက်၍ တရားဒေသနာ ဝေငှခဲ့ကြောင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏တို့ထိခြင်းကိုအားဖြင့် နာမကျန်းသူများပျောက်ကင်းခြင်း နိမိတ် လက္ခဏာရရှိခံစားကြ၍၊ မယုံကြည်သူများလည်းပြောင်းလဲကာ မိမိတို့အသက်တာအတွက် ခရစ်တော်ကိုလက်ခံ၊ ဆက်ကပ်သူများလည်း ရှိကြောင်းသိရပါသည်။ ဘုရားရှင်၏ဘုန်းတော်သည် သာ၍ထင်ရှားပါစေကြောင်း၊ MC မှ ဆုမွန်ကောင်းများ တောင်း အပ်ပါသည်။






၃။ မြန်မာနိုင်ငံ၊ မန္တလေးမြို့တွင်ဖွင့်လှစ်သော South East Asia Bible College ၏ ဘွဲ့နှင်းသဘင် အခမ်းအနားကို ၂၀၀၈ ခုနှစ် မတ်လ(၂၂)ရက်နေ့တွင် ပြုလုပ်ကျင်းပကြောင်းသိရပါသည်။ ထိုဘွဲ့နှင်းသဘင် အခမ်းအနားသို့ Founder & President နှင့်၊ အမေရိကန်နိုင်ငံ Tulsa မြို့ရှိ Myanmar Christian Church ၏သင်းအုပ်ဆရာကြီးလည်းဖြစ်သော Rev. Dr. Kham Khan Khai ကိုယ်တိုင် သွားရောက်ချီးမြှင့် အပ်နှင်းကြောင်းသိရပါသည်။ ကျောင်းသူ၊ ကျောင်းသား(၂၅)ယောက်ရှိရာတွင် ယခုနှစ်ဘွဲ့ရရှိသူ(၆)ဦးနှင့်အတူ၊ Bachelor of Christian Ministry အထူးဂုဏ်ပြုချီးမြှင့်ခြင်းခံရသော ကျောင်းသူနှစ်ဦးလည်းပါဝင်ကြောင်း သိရပါသည်။ ဘုရားရှင်၏ဘုန်းတော်သည် သာ၍ထင်ရှားပါစေကြောင်း၊ MC မှ ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။